# မြန်မာနိုင်ငံရှိစာကြည့်တိုက်များအား စစ်တမ်းကောက်ယူခြင်း

**The Asia Foundation**
Improving Lives, Expanding Opportunities

The Asia Foundation နှင့် Myanmar Book Aid and Preservation Foundation (MBAPF) တို့ ပူးပေါင်း၍ မြန်မာနိုင်ငံရှိ အများပြည်သူသုံးစာကြည့်တိုက်များကို ပထမဦးဆုံးအကြိမ်အဖြစ် နိုင်ငံအနှံ့ စေ့စေ့စပ်စပ် စစ်တမ်းကောက်ယူမှုပြုလုပ်ခဲ့ပါသည်။ ဤစစ်တမ်းကောက်ယူမှုသည် မြန်မာနိုင်ငံရှိပြည်သူပိုင်စာကြည့်တိုက်စနစ်များ၏ လက်ရှိအနေအထားကိုပြည့်ပြည့်စုံစုံသိရှိနိုင်ရန်၊ မြန်မာနိုင်ငံ၏သတင်းအချက်အလက်ဖွဲ့စည်းတည်ရှိမှုနှင့် လူထုအခြေပြုကနဦးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ လိုအပ်သောအချက်အလက်များထောက်ပံ့ပေးနိုင်ရန်ရည်ရွယ်ပါသည်။ စာကြည့်တိုက်ဟူသည် ပြည်သူများအတွက်သတင်းအချက်အလက်များရယူရာဌာနများဖြစ်သည့်အတွက်အထောက်အပံ့ကောင်းများပိုမိုပေးအပ်နိုင်ရန်နှင့် အခြေခံအဆောက်အအုံများမြှင့်တင်ပေးနိုင်ရန် အတွက်ဆောင်ရွက်စရာများစွာကျန်ရှိနေသေးသော်လည်းစာကြည့်တိုက်များထားရှိခြင်းဖြင့်လူနေမှုဘဝပေါ်တွင် ကောင်းမွန်သည့်အကျိုးသက်ရောက်မှုများရှိနေသည်ဟု ပြည်သူအများကလက်ခံယုံကြည်ကြကြောင်း စစ်တမ်းများကဖော်ပြနေပါသည်။







ဤစစ်တမ်းမှထွက်ပေါ်လာသည့်လေ့လာတွေ့ရှိချက်များကို အစိုးရအရာရှိများ၊ မူဝါဒချမှတ်သူများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများအပါအဝင် နယ်ပယ်စုံမှဦးဆောင်ပါဝင်သူများထံ ဖြန့်ဝေပေးသွားမည်ဖြစ်သည်။ ဆယ်စုနှစ်များစွာ သီးခြားရပ်တည်ခဲ့ရသည့်အခြေအနေမှ ရုန်းထွက်ကာစနိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတွင်းနေပြည်သူများ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရန်နှင့် ကမ္ဘာ့ဈေးကွက်တွင် ရင်ပေါင်တန်းနိုင်စေရန်အတွက် သတင်းအချက်အလက်ဆိုင်ရာ အခြေခံအဆောက်အအုံများ ထောက်ပံ့ပေးဖို့ အရေးတကြီးလိုအပ်လျက်ရှိပါသည်။ မြန်မာနိုင်ငံသူ နိုင်ငံသားများအနေဖြင့် စာကြည့်တိုက်များအား ယုံကြည်အားထားမှုရှိခြင်းနှင့် စာကြည့်တိုက်လုပ်ငန်းကွန်ရက်ကို ကျယ်ကျယ်ပြန့်ပြန့်ထားရှိပေးထားခြင်းဖြင့် အဆိုပါလုပ်ငန်းစဉ်များကို အထောက်အကူပြုနိုင်ပါလိမ့်မည်။ ဤစစ်တမ်းကောက်ယူမှုကို နိုင်ငံတော်အစိုးရထံ၌ တရားဝင်မှတ်ပုံတင်ထားသည်ဆိုသော ပြည်သူပိုင်စာကြည့်တိုက်များတွင်သာ အဓိကထား၍ပြုလုပ်ထားပါသည်။ အကြောင်းမှာ ယင်းပြည်သူပိုင်စာကြည့်တိုက်များကသာ ပြည်သူအများနှင့်အလွယ်တကူထိစပ်မှုရှိနိုင်ပြီး ပမာဏချင့်တွက်နိုင်မည့်အလားအလာရှိသောကြောင့်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၌ ပြည်သူပိုင် စာကြည့်တိုက်များအပြင် တက္ကသိုလ်စာကြည့်တိုက် များ၊ ဘုန်းတော်ကြီးကျောင်းစာကြည့်တိုက်များ၊ ပုဂ္ဂလိကပိုင်စာကြည့်တိုက်များနှင့် အထူးသီးသန့်စာကြည့်တိုက်များဟူ၍ စာကြည့်တိုက်အမျိုးမျိုးရှိနေသော်လည်း ယင်းတို့အနက်မှ တစ်ချို့တစ်ဝက်ကိုသာ ပြည်သူပိုင်စာကြည့်တိုက်များအဖြစ် တရားဝင်မှတ်ပုံတင်ထားကြခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် တရားဝင်မှတ်ပုံတင်ထားသည့် ပြည်သူပိုင်စာကြည့်တိုက်ပေါင်း ၅၅,၇၅၅ ရှိပြီး ၄,၈၆၈ ခန့်ကသာ လက်ရှိလည်ပတ်ဆောင်ရွက်လျက်ရှိပါသည်။ ဤစစ်တမ်းမကောက်ယူမီအချိန်အထိ ယင်းစာကြည့်တိုက်များနှင့်ပတ်သက်၍သိရှိသူအနည်းငယ်မျှသာရှိပါသည်။

ဤစစ်တမ်းကောက်ယူရခြင်း၏ရည်ရွယ်ချက်များမှာ -

၁)စာကြည့်တိုက်တည်နေရာ၊အခြေအနေနှင့်နည်းပညာစွမ်းဆောင်မှုများအပါအဝင်အခြားစွမ်းဆောင်ရည်များကိုပါစီစစ်အကဲဖြတ်နိုင်ရန်။

၂)စာကြည့်တိုက်အသုံးပြုနေကြသူများသာမကအသုံးပြုခြင်းမရှိသူများထံမှပါစာကြည့်တိုက်များထားရှိခြင်းပေါ် ၎င်းတို့၏သဘောထားအမြင်များကိုသိရှိနိုင်ရန်။

၃)မြန်မာနိုင်ငံသည် သတင်းအချက်အလက်အလိုအပ်ဆုံး အခြေအနေ၌ရောက်ရှိနေသဖြင့် ယင်းသို့လိုအပ်သည့်အချက်အလက်များ ရယူစုဆောင်းပေးနိုင်ရန်နှင့် စာကြည့်တိုက်များက ယင်းလိုအပ်ချက်အားဖြည့်စွမ်းပေးနိုင်ခြင်း ရှိမရှိသိရှိနိုင်စေရန် တို့ဖြစ်ပြီး ယင်းမှတစ်ဆင့်လုပ်ငန်းလည်ပတ်လျက်ရှိသည့် စာကြည့်တိုက်နမူနာပုံစံတစ်ခုကိုထုတ်နှုတ်ဖော်ပြနိုင်ရန်ဖြစ်ပါသည်။

ထိုသို့ ကွင်းဆင်း လေ့လာမှုကို စစ်တမ်းကောက်ယူရေးနှင့် သုတေသနဌာနတစ်ခုဖြစ်သည့် Myanmar Marketing Research and Development ဌာနမှ ၂၀၁၃ ခုနှစ် အောက်တိုဘာလမှ နိုဝင်ဘာလအတွင်း ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး နေပြည်တော် အပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၃ ခုရှိ မြို့နယ် ၂၆ မြို့နယ်တို့ စစ်တမ်းကောက်ယူမှုတွင် ပါဝင်ခဲ့ပါသည်။ ရခိုင်နှင့် ကချင်ပြည်နယ်တို့တွင်ဖြစ်ပေါ်လျက်ရှိသည့် မငြိမ်သက်မှုများကြောင့် ယင်းပြည်နယ်နှစ်ခုကိုမူ စစ်တမ်းကောက်ယူမှုတွင် ထည့်သွင်းဆောင်ရွက်နိုင်ခဲ့ခြင်းမရှိပါ။ စစ်တမ်းကောက်ယူသည့် သုတေသီများသည် စာကြည့်တိုက်ပေါင်း ၂၀၆ ခုကို သွားရောက်ခဲ့ပြီး တွေ့ဆုံမေးမြန်းမှုပေါင်း ၁,၂၇၅ ခုကိုပြုလုပ်ခဲ့ကြပါသည်။ တွေ့ဆုံမေးမြန်းခဲ့သူများတွင် စာကြည့်တိုက်မှူးများ၊ ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန (IPRD) လက်အောက်ရှိ မြို့နယ်အရာရှိများ၊ ကျေးရွာနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ စာကြည့်တိုက်အသုံးပြုနေသူများသာမက အသုံးပြုခြင်းမရှိသူများပါ ပါဝင်ခဲ့ကြပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန၏ ဌာနခွဲတစ်ခုဖြစ်သော အဆိုပါ ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် နိုင်ငံအတွင်း၌ စာကြည့်တိုက်များအား မှတ်ပုံတင်ခြင်း၊ ထောက်ပံ့မှုများပေးခြင်းနှင့် စောင့်ကြည့်စစ်ဆေးမှုများပြုလုပ်နေသည့် အစိုးရဌာနတစ်ခုဖြစ်ပါသည်။

ပုံစံဝက်မေးခွန်းများနှင့် လမ်းညွှန်ချက်ပါအင်တာဗျူးများပါဝင်သော အရည်အသွေးသာမကအရေအတွက်ကိုပါ ဖော်ပြနိုင်သည့်နည်းစနစ်များကိုပါ အသုံးပြု၍ စစ်တမ်းများ ကောက်ယူခဲ့ကြခြင်းဖြစ်သည်။ ထို့ပြင်စစ်တမ်းကောက်ယူသည့် သုတေသီများသည် ဒေသခံပြည်သူများနှင့်ပါ အုပ်စုလိုက် ဆွေးနွေးပွဲများ ပြုလုပ်၍ တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ကြသည်။ လက်ရှိလုပ်ငန်းလည်ပတ်နေသည့် စာကြည့်တိုက်များကို ထင်ဟပ်မိစေရန်အတွက် စာကြည့်တိုက် အများဆုံးရှိထားသော ပြည်နယ်သို့မဟုတ်တိုင်းဒေသကြီးအသီးသီးမှ မြို့နယ်နှစ်မြို့နယ်စီကို နမူနာထုတ်နုတ်ရွေးချယ်၍ စစ်တမ်းကောက်ယူခဲ့ပါသည်။ တောရွာအုပ်ချုပ်ရေးစနစ်တွင် အခြေခံအကျဆုံးဟုဆိုရမည့် တောရွာ (ကျေးလက်)အဆင့် (သို့မဟုတ်) ရပ်ကွက်(မြို့ပြ)အဆင့်ရှိ စာကြည့်တိုက်များကို နမူနာရွေးချယ်လိုက်သည့်အခါ ကျေးလက်စာကြည့်တိုက် (၁၉၀)နှင့် ရပ်ကွက်စာကြည့်တိုက် (၁၆) ခုရရှိခဲ့ပါသည်။ မြန်မာနိုင်ငံ၏လူဦးရေ (၅၅)သန်းရှိသည့်အနက်မှ၇၀%သည် ကျေးလက်ဒေသများတွင်နေထိုင်ကြသည့်အတွက် ထိုသို့စစ်တမ်းကောက်ယူမှုကို ကျေးလက်ဒေသများတွင်သာ အဓိကထား ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

## အရေးပါသောတွေ့ရှိချက်များ

စာကြည့်တိုက်များသည် ကျေးရွာလူနေမှုဘဝတွင် အဓိကအခန်းကဏ္ဍမှပါဝင်လျက်ရှိပြီး ဝေးလံခေါင်ဖျား၍ အစွန်အဖျားကျလွန်းသည့် ဒေသများတွင်ပင် စာကြည့်တိုက်များရှိတတ်ကြပါသည်။ တွေ့ဆုံမေးမြန်းမှုများအရစာကြည့်တိုက်များသည် ကောင်းမွန်သော အကျိုးသက်ရောက်မှုရှိစေကြောင်း လူအများစုက ယုံကြည်လက်ခံကြပြီး ပြန်လည်ဖြေကြားခဲ့သူများ၏(၉၇%)သည် လူနေမှုဘဝအပေါ်တွင် "အကျိုးသက်ရောက်မှုအချို့" (သို့မဟုတ်) "အကျိုး သက်ရောက်မှု ကြီးကြီးမားမား" ရှိနေသည်ဟုယုံကြည်ကြကြောင်း ပြောကြားပါသည်။ ကျေးရွာစာကြည့်တိုက် အများစုသည် ရွာလယ်ခေါင်တွင်ဖြစ်စေ (သို့မဟုတ်) ရွာလယ်လမ်းမကြီးပေါ်တွင်ဖြစ်စေ တည်ရှိတတ်ကြပြီး ရွာသူရွာသားအချင်းချင်း တွေ့ဆုံစည်းဝေးနိုင်သည့် နေရာတစ်ခုလည်းဖြစ်ပါသည်။ ယခင်လအတွင်း စာကြည့်တိုက်အသီးသီးတွင် စာအုပ်ငှါးယူခဲ့ကြသူအရေအတွက်မှာ စာကြည့်တိုက်တစ်ခုလျှင်ပျမ်းမျှ(၅၇)ဦးခန့်ရှိပြီး ရပ်ကွက်၊ ကျေးရွာနေပြည်သူများ စာကြည့်တိုက်များသို့ လာရောက်သည့်ပမာဏမှာ ပျမ်းမျှ (၁,၉၄၄) ဦးရှိပါသည်။ ထိုသို့ စာအုပ်ငှားရမ်းဖတ်ရှုသူပမာဏသည် နေထိုင်ရာလူဦးရေနှင့် နှိုင်းစာလျှင် နည်းပါးသော်လည်း စာကြည့်တိုက်အသုံးပြုခြင်းမရှိသူများသည်လည်း ရပ်ရွာအစည်းအဝေးပွဲများ တက်ရောက်ရန်အတွက် အနည်းဆုံး တစ်ကြိမ်ခန့် စာကြည့်တိုက်များသို့ လာရောက်ခဲ့ကြရခြင်းဖြစ်သည်။



**စာကြည့်တိုက်အသုံးပြုသူများတွင် လူငယ်ပိုင်းပိုများပြီး အသုံးမပြုသူများထက် အတန်းပညာမြင့်မား၍ လစာငွေပိုကောင်းကြသူများလည်းဖြစ်သည်။** စာကြည့်တိုက်အသုံးပြုသူများ၏ ၄၈%သည် အသက် ၁၆ နှစ်မှ ၂၅ နှစ်အတွင်းရှိပြီး အသုံးမပြုသူအများစု (၃၆%)သည် အသက် ၂၆ နှစ်မှ ၄၀ နှစ်အတွင်း ရှိကြသူများဖြစ်သည်။ စာကြည့်တိုက်အသုံးပြုသူများ၏ ၃၃%သည် အခြေခံပညာအထက်တန်း ပြီးဆုံးထားသူများဖြစ်ပြီး ၃၅%သည် တက္ကသိုလ်ပညာ သင်ကြားထားသူများဖြစ်သည်။ အသုံးမပြုသူများ၏ ၁၈% သည်သာ အခြေခံပညာအထက်တန်း ပြီးဆုံးထား၍ ၂၀%သည်သာ တက္ကသိုလ်ပညာ သင်ကြားသူများဖြစ်ကြောင်း နှိုင်းယှဉ်ချက်အရသိရှိရပါသည်။ စာကြည့်တိုက်အသုံးပြုသူ ၂၈% ၏ လစဉ်ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၁၀၀ မှ ၁၅၀ ဝန်းကျင်အတွင်းရှိကြပြီး စာကြည့်တိုက်အသုံးပြုခြင်းမရှိသူ အများစု (၃၂%)မှာမူ လစဉ်ဝင်ငွေ အမေရိကန်ဒေါ်လာ ၅၀ မှ ၁၀၀ ကြားသာရှိကြပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ စာကြည့်တိုက်အသုံးပြုသူများသည် မိသားစုအတွက် အဓိကဝင်ငွေရှာသူဖြစ်ပြီး အစိုးရရုံး (သို့မဟုတ်) ပုဂ္ဂလိကရုံးတစ်ခုခုတွင် ဝင်ရောက်လုပ်ကိုင်နေကြသည့် အိမ်ထောင်စုများမှဖြစ်ကြသည်။ စာကြည့်တိုက်အသုံးပြုခြင်းမရှိသူများမှာမူ လုပ်ခလစာနည်းသည့် သမရိုးကျလုပ်ငန်းများ တွင်သာ ဝင်ရောက်လုပ်နေကြခြင်းကြောင့်ဖြစ်သည်။

**စာကြည့်တိုက်ရန်ပုံငွေသည် အကန့်အသတ်ဖြင့်သာရှိနေပြီး အားထားလောက်စရာမရှိပါ။** ပြည်သူပိုင်စာကြည့်တိုက်အများစုတွင် ဘဏ္ဍာငွေထောက်ပံ့မှု တိတိပပမရှိပါ။ စစ်တမ်းကောက်ယူထားသည့် စာကြည့်တိုက်များအနက် ၄၄% ကသာ ရန်ပုံငွေတစ်နည်းနည်းဖြင့် ရရှိထားကြပြီး ရရှိသည့်ရန်ပုံငွေပမာဏမှာ တစ်လလျှင် ပျမ်းမျှ ၂ ဒေါ်လာခန့်သို့မဟုတ် တစ်နှစ်လျှင်ပျမ်းမျှ ၂၄ ဒေါ်လာခန့်မျှသာရှိတတ်ကြပါသည်။ စာကြည့်တိုက်တစ်ခု တည်ထောင်လိုက်ပြီ ဆိုသည်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်စာစောင်များသယ်ယူပို့ဆောင်ရေးအတွက် မတည်ငွေအဖြစ် ပေးအပ်သည့်ပမာဏမှာ တစ်လလျှင်ဒေါ်လာ ၂၀ ခန့်သာဖြစ်သည်။ သို့သော် ဤမျှနည်းပါးသည့် ပမာဏကိုပင် စာကြည့်တိုက်များအားလုံး ရရှိကြသည်မဟုတ်ပါ။ သို့ဖြစ်၍ စာကြည့်တိုက်အများစုသည် စာကြည့်တိုက်အဆောက်အဦး တည်တံ့ရေး၊ ပရိဘောဂ၊ လျှပ်စစ်မီးနှင့် အခြားပစ္စည်းကိရိယာများအတွက် ပရဟိတစိတ်ထက်သန်သည့် ရပ်မိရပ်ဖများနှင့် အခြားအလှူရှင်များပေါ်တွင်သာ မှီခိုနေကြရပါသည်။

**ကျေးရွာစာကြည့်တိုက်များတွင် အများအားဖြင့်စေတနာ့ဝန်ထမ်းများကိုသာ ခန့်အပ်ထားရှိပြီး ၄င်းတို့အား လေ့ကျင့်သင်တန်းပေးထားမှုအပိုင်းနှင့် လစာပေးမှုအပိုင်းတွင် အားနည်းလျက်ရှိပါသည်။** အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ဘဏ္ဍာငွေ အခက်အခဲရှိနေခြင်းကြောင့် လခစားဝန်ထမ်းများ ထားရှိနိုင်ခြင်းမရှိဘဲ စာကြည့်တိုက်အများစုသည် စေတနာ့ဝန်ထမ်းများကိုသာ အားထားနေကြရပါသည်။ စာကြည့်တိုက်များ၏ (၈၀%)ကျော်တွင် စာကြည့်တိုက်ကော်မတီဝင်နှင့် ဝန်ထမ်း (၄) ယောက်နှင့် အောက်သာရှိကြပြီး (၁၀%) သည် (၅) ယောက်မှ (၁၀) ယောက်အတွင်း ရှိတတ်ကြပါသည်။ ဘဏ္ဍာငွေ အကန့်အသတ်ရှိနေခြင်းကြောင့် စစ်တမ်းတွင်ပါဝင်သည့် စာကြည့်တိုက်များ၏ (၉၈%) သည် စာကြည့်တိုက်မှူးများအား လုပ်ရိုးလုပ်စဉ် သင်တန်းပေး လေ့ကျင့်မှုမျိုး ရင်းနှီးမြှုပ်နှံပေးခြင်းမရှိပါ။ သို့ရာတွင် စာကြည့်တိုက်မှူးအများစု (၃၉%) သည် ခေတ်ပညာတတ်အုပ်စုမှဖြစ်ကြပြီး

အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူများ (၃၉%) နှင့် ဘွဲ့ရ သို့မဟုတ် တက္ကသိုလ်ပညာသင်ကြားနေသူ (၃၁%) ပါဝင်သည်။ စာကြည့်တိုက်မှူး အားလုံးအနက် တစ်ဝက်ခန့် (၄၉%) သည် အသက် (၄၀) အောက်ရှိသူများဖြစ်ပြီး သုံးပုံတစ်ပုံခန့်ကမူ အသက်(၄၀) မှ (၅၉) နှစ် ဝန်းကျင်ရှိသူများဖြစ်သည်။ တွေ့ဆုံမေးမြန်းခဲ့သော စာကြည့်တိုက်မှူး (၂၀၆) ဦးအနက် (၆၇%) သည် အမျိုးသားများဖြစ်ပြီး (၃၃%) သည် အမျိုးသမီးများဖြစ်ကြသည်။

**စာကြည့်တိုက်များတွင် စားပွဲ၊ ကုလားထိုင်နှင့် အိမ်သာများ အလုံအလောက်မရှိကြသဖြင့် စာကြည့်တိုက်အသုံးပြုသူ ထက်ဝက်ခန့်ကသာ စာကြည့်တိုက်ရှိ အထောက်အကူပြုပစ္စည်းများနှင့်ပတ်သက်၍ ကျေနပ်လက်ခံကြပါသည်။** စာကြည့်တိုက်များ၏ (၉၁%) သည် တစ်ထပ်အဆောက်အဦး များဖြစ်ပြီး ကိုယ်ပိုင်အဆောက်အဦးသော်လည်းကောင်း အစိုးရမှချထားသတ်မှတ်ပေးထား၍ သော်လည်းကောင်း တည်ရှိနေကြခြင်း ဖြစ်ပါသည်။ အခပေး ငှားရမ်းထားရသည့် အဆောက်အဦးများဖြစ်ကြပါသည်။ စာကြည့်တိုက်မှူးများ၏ ထက်ဝက်ခန့် (၄၃%)သည် ၎င်းတို့၏စာကြည့်တိုက်များတွင် ပြန်လည်ပြုပြင် မွမ်းမံမှုများပြုလုပ်ရန် လိုအပ်နေကြောင်းတင်ပြကြပြီး ထက်ဝက်ကျော် (၅၉%) ကမူ ၎င်းတို့တွင် စာကြည့်တိုက်အသုံးပြုသူများအတွက် စာကြည့်စားပွဲနှင့် ကုလားထိုင်များ အလုံအလောက်ရှိမထားကြကြောင်း ပြောဆိုကြပါသည်။ ထို့ပြင် စစ်တမ်းတွင်ပါဝင်သည့်စာကြည့်တိုက်အားလုံး၏ (၈၂%) တွင် အိမ်သာများ ထားရှိပေးထားခြင်းမရှိသည့်အတွက် တစ်နည်းအားဖြင့် စာကြည့်တိုက်အသုံးပြုသူများသည် စာကြည့်တိုက်တွင် အချိန်ကြာကြာနေရန် မဖြစ်နိုင်ကြောင်း သိရှိရပါသည်။ သို့ဖြစ်၍ ခြုံငုံ၍ပြောဆိုရမည်ဆိုလျှင် အသုံးပြုသူများ၏ ထက်ဝက်မရှိတရှိ (၄၂%) ကသာ စာကြည့်တိုက်ရှိပစ္စည်းပစ္စယများကို ကျေနပ်လက်ခံကြပါသည်။ လုံးဝကျေနပ်လက်ခံသူနှင့် နစ်သက်ကျေနပ်မှုလုံးလုံးမရှိသူဟူ၍ အနည်းငယ်သာရှိပါသည်။

**စာကြည့်တိုက်ဖွင့်လှစ်ချိန်နှင့် ငှါးရမ်းခများသည် အမျိုးမျိုးကွဲပြားနေကြသော်လည်း အများအားဖြင့် အသုံးပြုသူများအတွက် လက်ခံနိုင်လောက်သည့် အနေအထားတွင်ရှိကြပါသည်။** ကျေးရွာစာကြည့်တိုက်၏ (၄၀%) သည် တစ်နေ့လျှင် (၁) နာရီ မှ (၄) နာရီကြာအထိ ဖွင့်လှစ်ပေးထားကြပြီး (၄၄%) ကမူ တစ်နေ့လျှင် (၄) နာရီမှ (၈) နာရီကြာအထိ ဖွင့်ပေးထားကြပါသည်။ စာကြည့်တိုက် (၂၄%) က တစ်ပတ်လျှင် နှစ်ရက် ၊ (၁၁%) က တစ်ပတ်လျှင် သုံးရက်နှင့် (၁၉%) က တစ်ပတ်လျှင် ငါးရက် ဖွင့်လှစ်ပေးကြပြီး တစ်ပတ်လုံးလုံးပိတ်ရက်မရှိ ဖွင့်ပေးသည့် စာကြည့်တိုက်များက (၂၈%) ရှိကြောင်း အံ့သြဖွယ် တွေ့ရှိရပါသည်။ စာကြည့်တိုက်ဝန်ဆောင်မှုများအား ထပ်မံတိုးတက်မှုရှိစေရန် အကြံပြုပြောဆိုကြရာ၌ စာကြည့်တိုက်ဖွင့်လှစ်ချိန်နှင့် ပတ်သက်၍ ထောက်ပြ ပြောဆိုသူဟူ၍ မဆိုစလောက်အနည်းငယ်ကိုသာ တွေ့ရှိရပါသည်။ စာကြည့်တိုက်အသင်းဝင်ခြင်းနှင့် ငှားရမ်းခများသည်လည်း နည်းပါးမှုရှိသည့်အတွက် စာကြည့်တိုက်အသုံးပြုသူများ၏ (၉၀%) ကျော်က ပေးသွင်းရသည့် အခကြေးငွေများအပေါ် ကျေနပ်မှု သို့မဟုတ် အလွန်တရာ ကျေနပ်မှု ရှိကြပါသည်။

**စာကြည့်တိုက်တွင် စုဆောင်းထားရှိသည့်စာအုပ်ပမာဏမှာ အများအားဖြင့် နည်းပါးကြပြီး အချိန်နှင့်တစ်ပြေးညီ တင်ပေးထားနိုင်ခြင်းမရှိပါ။** စာကြည့်တိုက်တစ်ခုတွင် ပျမ်းမျှအားဖြင့် စာအုပ် (၉၀၀) ခန့်ထားရှိတတ်ပြီး အနည်းဆုံးစာအုပ် (၂၀) မှ အများဆုံး စာအုပ်ပေါင်း (၁၀,၀၀၀) အထိထားရှိပေးကြသည့် စာကြည့်တိုက်များအသီးသီးရှိကြပါသည်။ ထားရှိပေးထားသည့် စာအုပ်များသည် အများပြည်သူများ အလွယ်တကူ ဝင်ရောက် ဖတ်ရှုနိုင်ကြပြီး အများအားဖြင့် စာအုပ်စင်များပေါ်တွင် အလွယ်တကူ ထားရှိပေးထားကြသည်။ စာကြည့်တိုက်များ၏ (၁၁%) ကသာ ဗီရိုကဲ့သို့ အလုံပိတ်စင်များနှင့် ထားရှိကြကြောင်း တင်ပြကြပါသည်။ စာကြည့်တိုက်မှူးများ၏ပြောဆိုချက်အရ ၎င်းတို့စာကြည့်တိုက်တွင် လူဖတ်အများဆုံးစာအုပ်များမှာ ဘာသာရေးစာအုပ် (၉၀%) ၊ အထွေထွေဗဟုသုတ (၈၈%) ၊ ပညာရေးစာအုပ် (၇၅%) ၊ ကျန်းမာရေးစာအုပ် (၇၀%) ၊ လူမှုရေးသိပ္ပံစာအုပ် (၅၀%) ၊ နိုင်ငံရေးစာအုပ် (၅၀%) နှင့် စီးပွားရေးစာအုပ် (၃၇%) တို့ဖြစ်ကြသည်။ စာကြည့်တိုက်များ၏ (၄၅%) ကသာ ၎င်းတို့တွင် ကလေးများအတွက် စာအုပ်များထားရှိပေးထားကြောင်း တင်ပြကြသည်။ စာကြည့်တိုက်များသည် ပျမ်းမျှအားဖြင့် တစ်နှစ်လျှင် စာအုပ်အသစ် (၈၀) နှင့် စာနယ်ဇင်း (၁၈၀)ခန့် လက်ခံရရှိကြသည်။

**လာရောက်ငှားရမ်းသူအများစု ဖတ်ရှုလိုသည့် စာပေအမျိုးအစားမှာ ကျန်းမာရေး၊ ဘာသာရေး၊ စိုက်ပျိုးရေး၊ ပထဝီနှင့် မြန်မာ့ယဉ်ကျေးမှု ရိုးရာဓလေ့များနှင့် ပတ်သက်သည့် အကြောင်းအရာများ ပါဝင်သော စာအုပ်များကဲ့သို့ အများပြည်သူ စိတ်ဝင်စားလေ့ရှိသည့် စာအုပ်များ၊ အတ္ထုပ္ပတ္တိများနှင့် လစဉ်ထုတ် မဂ္ဂဇင်း၊ ဂျာနယ်များ ဖြစ်ကြပါသည်။** စစ်တမ်းကောက်ယူခဲ့သူများအနက် လူနည်းစု (၁၁% မှ ၁၇% )ကသာ ပညာရေး ၊ စီးပွားရေးနှင့် လူမှုရေးသိပ္ပံဘာသာရပ်များတွင် စိတ်ဝင်စားကြကြောင်း ပြောဆိုကြသည့်အတွက် အထက်တွင်ဖော်ပြခဲ့သည့် စာကြည့်တိုက်မှူးများ ၎င်းတို့စုဆောင်းထားရှိပေးထားသည့် စာအုပ်အမျိုးအစားအလိုက် ရာခိုင်နှုန်းများနှင့် နှိုင်းစာပါက အနည်းငယ်ကွဲလွဲမှု ရှိနေပါသည်။ မြန်မာစာဖြင့် ရေးသားထား သည့် စာအုပ်များကို ပိုမိုနှစ်သက်ကြပြီး အင်္ဂလိပ်ဘာသာဖြင့်ရေးသားထား သည့်စာအုပ်များကို ဖတ်ရှုသူ (၁%) မျှသာ ရှိပါသည်။

**စာကြည့်တိုက်များတွင် ရွေးချယ်စရာနည်းပါးခြင်းနှင့် ခေတ်နှင့်အညီ စာအုပ်များ၊ စာနယ်ဇင်းများ မတင်ထားပေး နိုင်သည့်အချက်ပေါ် စာကြည့်တိုက်အသုံးပြုသူများက အများဆုံး ထောက်ပြဝေဖန်ကြပါသည်။** လက်ရှိအချိန်တွင် စာကြည့်တိုက်အသုံးပြုသူများက တစ်ပတ်လျှင် တစ်ကြိမ်မှ သုံးကြိမ်ခန့် စာကြည့်တိုက်သို့ သွားရောက်လေ့ရှိကြသည်။ အသုံးပြုသူအများစု (၅၉%) သည် စာကြည့်တိုက်ရှိ ဖွင့်လှစ်ချိန်နှင့် ပစ္စည်းပစ္စယများကို ကျေနပ်လက်ခံကြသော်လည်း စာကြည့်တိုက်တွင်ထားရှိပေးထားသည့် စာအုပ်၊စာနယ်ဇင်းများမှာ အချိန်မီတင်ပြပေးနိုင်ခြင်းမရှိကြောင်း ဝေဖန်ထောက်ပြကြ ပါသည်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအရာရှိများနှင့် ကျေးရွာအာဏာပိုင်များ၏ အဆိုအရနေ့စဉ်သတင်းစာများကိုသာ အချိန်မီတင်ထား ပေးနိုင်မည်ဆိုပါက စာဖတ်သူများကို ပိုမိုစွဲဆောင်နိုင် မည်ဖြစ်ကြောင်း တင်ပြကြပါသည်။ လက်ရှိအချိန်တွင်မူ နေ့စဉ်သတင်းစာများသည် တစ်ရက်မှ ငါးရက်အထိ နောက်ကျပြီးမှ ရောက်လာလေ့ရှိပါသည်။ စာကြည့်တိုက်တွင် ရုပ်မြင်သံကြားထားရှိပေးခြင်းအားဖြင့်လည်း စာကြည့်တိုက်သို့ လာရောက်သူများ အား နောက်ဆုံးရရှိသည့် သတင်းအချက်အလက်များပေးရာတွင် အထောက်အကူဖြစ်စေနိုင်ပါသည်။

**စာကြည့်တိုက်အများစုတွင် အခြေခံနည်းပညာများ ရှိမထားကြသေးပါ။** စစ်တမ်းတွင်ပါဝင်သည့် စာကြည့်တိုက်များ၏ (၅၅%) ကသာ လျှပ်စစ်မီး ရကြောင်း ဖော်ပြထားကြပါသည်။ သွားရောက်ခဲ့သည့် စာကြည့်တိုက်အားလုံးနီးပါးတွင် တယ်လီဖုန်း၊ လိုင်းသွယ်ထားသည့် ရုပ်မြင်သံကြားစက် ၊ ဒီဗီဒီစက် ၊ ကွန်ပျူတာ ၊ ပရင့်ထုတ်စက်နှင့် အင်တာနက် အသုံးပြုမှုမရှိကြသေးပါ။ စာကြည့်တိုက်များ၏ (၉၆%)တွင် ပုံသေသတ်မှတ်ပေးထားသည့် ကြိုးဖုန်းများ ရှိမထားပါ။ စာကြည့်တိုက်အားလုံး၏ (၄%) ကသာ တယ်လီဖုန်းများရှိပြီး စာကြည့်တိုက် (၄)ခုတွင် ကြိုးဖုန်းများရှိ၍ ကျန်လေးခုတွင်မူ မိုဘိုင်းဖုန်းများ အသုံးပြုကြပါသည်။ ပြန်ကြားရေး နှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဂန်ထမ်းများ၏ သုံးပုံတစ်ပုံခန့်က ရုပ်မြင်သံကြားစက် ထားရှိပေး၍ Sky Net ကဲ့သို့ ရုပ်သံလိုင်းများ တပ်ဆင်ပေးထားခြင်းသည် စာကြည့်တိုက်သို့လာရောက်သူများကို ပိုမိုစွဲဆောင်နိုင်မည်ဖြစ်ကြောင်း ထောက်ခံကြပါသည်။

**ပြည်သူအများစုတွင်ပင် ကွန်ပျူတာအသုံးပြုနိုင်သည့်ပမာဏသည် နည်းပါးနေဆဲဖြစ်ပြီး အိမ်တွင်ဖြစ်စေ၊ စာကြည့်တိုက်တွင်ဖြစ်စေ ကွန်ပျူတာ အသုံးပြုကာ အသုံးပြုသူအရေအတွက် မရှိသလောက် နည်းပါးနေပါသည်။** စာကြည့်တိုက် အသုံးပြုသူနှင့်အသုံးပြုခြင်းမရှိသူ အားလုံးပေါင်း၏ (၄%) ခန့်ကသာ မိမိအိမ်တွင် ကွန်ပျူတာများရှိထားကြပြီး အများစုမှာ ကွန်ပျူတာကျွမ်းကျင်မှုအနည်းငယ်မျှ သို့မဟုတ် လုံးလုံးမရှိကြပါ။ သွားရောက်လေ့လာခဲ့သည့် စာကြည့်တိုက် (၉၈%)တွင် ၎င်းတို့၏အဆောက်အဦးတွင်း၌ ကွန်ပျူတာတပ်ဆင်ထားခြင်းမရှိကြပါ။ ၎င်းတို့အနက် စာကြည့်တိုက်(၂)ခုတွင် သာအင်တာနက် ကွန်ယက် ထောက်ပံ့ပေးထားပါသည်။ စစ်ဆေးမေးမြန်းခဲ့သည့် စာကြည့်တိုက်မှူးများ၏(၈၇%)သည် ကွန်ပျူတာမည်သို့ အသုံးပြုရမည်ကိုမသိကြပါ။





**ပြည်သူအများစုသည် အများအားဖြင့် အင်တာနက်အသုံးပြုမှုကို မိုဘိုင်းဖုန်းများမှတဆင့် ပြုလုပ်ကြပါသည်။** ကွန်ပျူတာများကို ကျွမ်းကျွမ်းကျင်ကျင် အသုံးပြုနိုင်မှုမရှိခြင်းနှင့် လျှပ်စစ်မီးထောက်ပံ့ပေးမှုတွင်လည်း ရေရာမှုမရှိစေကာမူ စာကြည့်တိုက်အသုံးပြုသူ (၉%) နှင့် အသုံးပြုခြင်းမရှိသူ (၁၆%) တို့မှာ အင်တာနက် အသုံးပြုလေ့ရှိကြကြောင်း ပြောကြားကြပါသည်။ ခြုံငုံ၍ဆိုရလျှင် အသုံးမပြုသူ (၇၂%) နှင့် အသုံးပြုသူ (၅၈%) သည် အင်တာနက်အသုံးပြုမှုကို ၎င်းတို့၏ မိုဘိုင်းဖုန်းများမှတဆင့် ပြုလုပ်ကြပါသည်။ အွန်လိုင်းသို့သွားရောက်သူ (၈၀%) သည် သတင်းများဖတ်ရှုရန်အတွက်သာ အဓိကထား၍ အင်တာနက် အသုံးပြုခြင်းဖြစ်ကြောင်း ပြောကြားကြပါသည်။ ဤသို့ဖြင့် စာကြည့်တိုက်အသုံးမပြုသူများသာမက အသုံးပြုနေကြသူများကပါ စာကြည့်တိုက်များအား အင်တာနက် အသုံးပြုနိုင်သည့်နေရာအဖြစ် ရှုမြင်ကြပုံ မပေါ်ပါ။ မေးမြန်းထားသူများ၏ (၁၁%) ကသာ စာကြည့်တိုက်များတွင် ကွန်ပျူတာများထားရှိပေးခြင်း နှင့် အင်တာနက်တပ်ဆင်ပေးထားခြင်းဖြင့် စာကြည့်တိုက်များကို ပိုမိုတိုးတက်မှုရှိစေမည်ဖြစ်ကြောင်း ထောက်ခံပြောကြားကြပါသည်။

**ပြည်သူအများက ၎င်းတို့အတွက်အရေးကြီးလိုအပ်ချက်များအဖြစ် လမ်းပန်းဆက်သွယ်မှု ပိုမိုအဆင်ပြေစေရေးအတွက် အခြေခံအဆောက်အအုံများ ထားရှိလာရေး၊ လျှပ်စစ်မီးနှင့် မိုဘိုင်းဖုန်းများရရှိရေးတို့ကိုသာ တင်ပြကြပါသည်။** လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက် အခြေခံအဆောက်အဦး များ ဖွံ့ဖြိုးရေးသည် အရေးပါသည့် အကြောင်းအရာတစ်ခုဖြစ်ကြောင်း အုပ်စုလိုက်ဆွေးနွေးမှုများ၏ ထက်ဝက်ခန့်က ထောက်ပြပြောဆိုကြပြီး အဓိက အရေးပါသူများနှင့် တွေ့ဆုံမေးမြန်းချက် အားလုံးနီးပါးတွင်လည်း ထိုသို့ပင်ပြောဆိုကြပါသည်။ လုံလောက်သော လျှပ်စစ်မီးထောက်ပံ့မှုနှင့် ပိုမိုကောင်းမွန်သည့် မိုဘိုင်းဖုန်းကွန်ယက်ရရှိရေးတို့ကိုလည်း ရပ်ရွာလိုအပ်ချက်များအဖြစ် အသားပေးဖော်ပြကြပါသည်။ ကျေးလက်ဒေသများ၌ လျှပ်စစ်မီးမရရှိခြင်းနှင့် ကွန်ပျူတာများနှင့် အကျွမ်းဝင်မှုမရှိခြင်းတို့ကြောင့်သာ ကျေးလက်စာကြည့်တိုက်များတွင် ကွန်ပျူတာများထားရှိပေးရန် တောင်းဆိုမှုနည်းပါးလာခြင်း ဖြစ်ပါသည်။ သို့သော် အင်တာနက်အသုံးပြုရန်အတွက် မိုဘိုင်းဖုန်းများ ရရှိလာကြခြင်းကလည်း ထောက်ပံ့ပေးသော အချက်အလက်တစ်ရပ်ဖြစ်ပါသည်။ အင်တာနက် အခမဲ့အသုံးပြုစေခြင်းဖြင့် ၎င်းတို့၏စာကြည့်တိုက်အား ပိုမိုအသုံးဝင်စေနိုင်မည်ဟု ထင်သလားဟူသော မေးခွန်းနှင့်ပတ်သက်၍ အသုံးပြုသူများ၏ (၉၉%) ကမထင်ပါဟုပြောကြားကြပါသည်။ သို့ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အရာရှိများအားလုံးနီးပါးကမူ စာကြည့်တိုက်များတွင် အင်တာနက်ချိတ်ဆက်ထားသော သို့မဟုတ် Wi-Fi လွှင့်ပေးထားသောကွန်ပျူတာများပေးထားပါက သက်ဆိုင်ရာပြည်နယ် သို့မဟုတ် ကျေးလက် စာကြည့်တိုက်အသုံးပြုသူများကို ပိုမိုစွဲဆောင်နိုင်ပါလိမ့်မည်ဟုပြောကြားကြပါသည်။

**ရွှေ့လျားစာကြည့်တိုက်များအသုံးပြုခြင်းက ကြားခံကွာဟမှုများကို ကျော်လွှားနိုင်မည့်နည်းတစ်ခုအဖြစ် ရှုမြင်လက်ခံကြသော်လည်း အခြေတကျ ထားရှိပေးထားသည့် စာကြည့်တိုက်တစ်ခုကသာ ရပ်ရွာအတွက်လိုအပ်သည့် အဆောက်အဦးတစ်ခုအဖြစ် အများစုကရှုမြင်ကြပါသည်။** ဆွေးနွေးမေး မြန်းရာတွင်ပြန်လည်ဖြေကြားခဲ့သူများ၏ သုံးပုံတစ်ပုံကသာ ရွှေ့လျားစာကြည့်တိုက်ကို ကြားဖူးကြပြီး ယင်းတို့အားလုံးနီးပါးက ရပ်ရွာအတွက် အသုံးတည့်နိုင်မည်ဖြစ်ကြောင်း ထောက်ခံပြောကြားကြပါသည်။ ၎င်းတို့၏ရပ်ရွာနေပြည်သူများထံ စာကြည့်တိုက်မှ လာရောက်ပေးအပ်နိုင်မည်မဟုတ်သည့် စာအုပ်စာတမ်းများကို အများပြည်သူထံ ပိုမိုကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိစေနိုင်သည့် နည်းလမ်းတစ်ခုအဖြစ် အများစုကလက်ခံကြပါသည်။ အထူးသဖြင့် အချိန်ပြည့်နီးပါး အလုပ်ဆင်းနေကြရသဖြင့် စာကြည့်တိုက်သို့ မလာရောက်နိုင်သူများအတွက် ပို၍ကိုက်ညီပါသည်။ အားလပ်ချိန်မရှိခြင်းသည်လည်း စာကြည့်တိုက်သို့ မလာရောက်နိုင်သော အကြောင်းအရင်းတစ်ခုဖြစ်သည်။ သို့ရာတွင် ရပ်ရွာနေပြည်သူအများစုကမူ စာကြည့်တိုက်အဆောက်အအုံအား အခြေတကျ ဆောက်လုပ်ပေးထားခြင်းကိုသာ ၎င်းတို့၏လူနေမှုဘဝအတွက် အရေးပါသည့် အဆောက်အဦးတစ်ခုအဖြစ် ရှုမြင်နေကြဆဲဖြစ်ပါသည်။



အချုပ်ဆိုရသော် စာကြည့်တိုက်များဟူသည် မိမိသက်ဆိုင်ရာရပ်ရွာအလိုက် ထောက်ခံမှုအင်အား အမြောက်အများရရှိထားသည့် တန်ဖိုးထားအပ်သည့် အဖွဲ့အစည်းများသာဖြစ်ပါသည်။ သို့ရာတွင် အရှိန်အဟုန်ဖြင့်ပြောင်းလဲမှု ဖြစ်ပေါ်နေသည့် နိုင်ငံမျိုးတွင် အခြေခံအဆောက်အအုံများ လုံလောက်မှုမရှိခြင်းနှင့် ရန်ပုံငွေပမာဏ လုံလုံလောက်လောက်ရှိမထားခြင်းတို့ကြောင့် စာကြည့်တိုက်များသည် သတင်းအချက်အလက်ပေးရာဌာနများအဖြစ် ပီပီပြင်ပြင် ရုပ်လုံးမပေါ်ကြသေးပါ။ ပြည်သူအများစုက စာကြည့်တိုက်များအား ရပ်ရွာအတွက်မရှိမဖြစ်လိုအပ်သည့် အဆောက်အဦးအဖြစ်ရှုမြင်နေကြခြင်းသည် ကျန်းမာရေးနှင့် လယ်ယာစိုက်ပျိုးရေးကဲ့သို့ ကဏ္ဍများတိုးတက်ဖွံ့ဖြိုးရေးအတွက် ကနဦးလုပ်ဆောင်ချက်များ ပြုလုပ်ရာတွင် အရေးပါသည့် အဖွဲ့အစည်းများဖြစ်ကြောင်း ရည်ညွှန်းလျှက်ရှိပါသည်။

ထို့ပြင် စာကြည့်တိုက်များအား ထောက်ပံ့မှုများပေးရာတွင်လည်း သတင်းအချက်အလက်များ ပေးအပ်နိုင်ရေးထက်ပို၍ ထည့်သွင်းစဉ်းစားထားကြရပါမည်။ တစ်နည်းအားဖြင့် သတင်းအချက်အလက်များဖြန့်ဝေနိုင်ရေးနှင့် အရပ်ဘက်မှ ပါဝင်ဆောင်ရွက်မှုရှိလာစေရေး တို့ကိုပါထည့်သွင်းစဉ်းစားကြရမည်။ မြို့ပြနှင့် ကျေးလက်စာကြည့်တိုက်များ ကြုံတွေ့နေရသည့် အခက်အခဲများနှင့် လိုအပ်ချက်များကို နှိုင်းယှဉ်လေ့လာနိုင်ရန်အတွက် ထပ်မံစစ်တမ်းကောက်ယူမှုများ ပြုလုပ်ကြရပါဦးမည်။

ထို့ပြင် လျှပ်စစ်မီးထောက်ပံ့မှုရေရေရာရာမရှိသော ကျေးလက်စာကြည့်တိုက်များအတွက် အချိန်နှင့် တစ်ပြေးညီ သတင်းအချက်အလက်များနှင့် ဝန်ဆောင်မှုများ ပေးသွားနိုင်ရေးအတွက်လည်း သင့်တော်ဆုံးနည်းလမ်းများကို ရှာဖွေဖော်ထုတ်သွားကြရပါလိမ့်မည်။ ဥပမာအားဖြင့်စစ်တမ်းတွင် ဖော်ပြခဲ့သည့်အတိုင်း အင်တာနက် အသုံးပြုကြရာ၌ ဆက်သွယ်ရေးကဏ္ဍနှင့် ပတ်သက်၍ မိုဘိုင်းဖုန်းများ၏ အရေးပါမှုကိုပါ ထည့်သွင်းစဉ်းစားကြရမည်ဖြစ်ပါသည်။ သို့သော် အကြောင်းအမျိုးမျိုး ကြောင့်သတင်းအချက်အလက် လိုအပ်မှုပုံစံအသီးသီးကို ကွန်ပျူတာများမှဖြစ်စေ မိုဘိုင်းဖုန်းများမှဖြစ်စေ အင်တာနက် ပေးအပ်သွားနိုင်ရေးအတွက်လည်း ပို၍ အသေးစိတ်စစ်ဆေးမှုများ ဆက်လက်ပြုလုပ်ကြရပါဦးမည်။ နောက်ဆုံးအချက်အနေဖြင့် ရပ်ရွာလူနေမှုအတွက် စာကြည့်တိုက်များ၏ အခန်းကဏ္ဍမြင့်မားခြင်း၊ စေတနာ့ ဝန်ထမ်းများ၊ အလှူရှင်များဖြင့်သာ လည်ပတ်နေရသည့် စာကြည့်တိုက်များ များပြားနေခြင်းတို့ကြောင့် ထောက်ပံ့လှူဒါန်းသူများ၊ စေတနာ့ဝန်ထမ်းများနှင့် စာကြည့်တိုက် အသုံးပြုသူများအား ပိုမိုစွဲဆောင်သွားနိုင်ရေးအတွက် ပိုမိုဆန်းသစ်၍ အရှိန်အဟုန်မြှင့်တင်နိုင်မည့် နည်းလမ်းများအား စာရွက်စာတမ်းများရေးသား၍ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေသွားကြရပါမည်။

**The Asia Foundation**


HEADQUARTERS | 465 California Street, 9th Floor | San Francisco, CA 94104 USA
Tel: (415) 982-4640 | Fax: (415) 392-8863 | info@asiafound.org

MYANMAR | No. 21, Bo Yar Zar Street | Ward 14, Kyauk Kone | Yankin Township | Yangon, Myanmar
Tel: + 95 (1) 570 619 | Fax: + 95 (1) 566 701

**www.asiafoundation.org**